ရက်စွဲ ၊ ၁၀ ၊ ၀၅ ၊ ၀၅

# ရှမ်းပြည်သူလူထု ကိုယ်စားလှယ်များ
# မှ
# ဗမာလူမျိုးများထံသို့ ပြန်လည်ချေပသည့် သတင်းထုတ်ပြန်ချက်။

၁။ လျှို့ဝှက်သတင်းအရ နအဖစစ်အုပ်စုသည် ဗမာပြည်သူလူထုကို စည်းရုံးနိုးဆော်မှုကြောင့်လူအင်အား (၁၀၀၀၀)နီးပါးစုစည်းစေကာ ပုဂံမြို့တွင် (၇ ၊ ၅ ၊ ၀၅) နေ့တွင် ယနေ့ရှမ်းပြည်ခေါင်းဆောင်ကြီးများနှင့် ရှမ်းပြည်သူလူထုများ၏ ရှမ်းပြည်အစိုးရနှင့်လွတ်လပ်သောရှမ်းပြည်ကြေငြာချက်ကို ပြန်လည်ချေပကန့်ကွက်စေသည်ဟု သတင်းရရှိပါသည် ။ ၄င်းအခမ်းအနားကို (၇ ၊ ၅ ၊ ၀၅)နေ့တွင် ရန်ကုန်မြို့တွင်းဗုံးပေါက်ကွဲဖြစ်မှုကြောင့် ၄င်းကန့်ကွက်သည့်အခမ်းအနား မဖြစ်မြောက်ကြောင်း ။

၂။ ထို့အပြင်ရှမ်းပြည်နယ်အတွင်းမှာလည်း နအဖစစ်အုပ်စု၏ ဖိနှိပ်စေခိုင်းမှုကို မလွန်ဆန်နိုင်၍ လဲချားမြို့ဌာနဆိုင်ရာနှင့် မြို့နယ်ကျေးရွာပြည်သူလူထုများအပါအဝင် လက်နက်ကိုင်ငြိမ်း/ချမ်း အဖွဲ့အစည်းများဖြစ်ကြသည့် အက်စ်အက်စ်အေတပ်မဟာ(၁) ၊ ပီအင်န်အို ၊ ပီအင်န်အေနှင့် လက်နက်ချပြီးသော အက်စ်အက်စ်အင်န်အေ ကန်နဦးဆောင်သော အဖွဲ့အစည်းများကိုအတင်းခေါ်ယူပြီး ရှမ်းပြည်အစိုးရနှင့် လွတ်လပ်သောရှမ်းပြည်၏ ကြေငြာချက်ကို ကန့်ကွက်စေကြောင်း မေလ ၊ ၈ ၊ ၂၀၀၅ နေ့တွင် လဲချားမြို့၌ ပြုလုပ်စေခဲ့ပါသည်။

၃။ ထို့အတူ မိုင်းရယ်နှင့် မိုင်းနောင်မြို့(၂)မြို့ကိုလည်း ကျေးရွာပြည်သူလူထုများနှင့် ငြိမ်း/ချမ်း အဖွဲ့အစည်း တပ်မဟာ (၁) များအပါအဝင် ရှမ်းပြည်အစိုးရနှင့် လွတ်လပ်သောရှမ်းပြည်ကြေငြာချက်ကို ကန့်ကွက်စေသည့်အခမ်းအနားသည် (မေလ ၉ ၊ ၁၀ ၊ ၀၅ ) နေ့တွင် သက်ဆိုင်ရာစစ်အုပ်စုအဖွဲ့များသည် သူတို့၏စစ်ယူနီဖေါင်းကိုမဝတ်ကြပဲနှင့် ရှမ်းဝတ်စုံဝတ်ကြပြီး ပြည်သူလူထုရှေ့မှောက်မှာ ဦးဆောင်ဦးရွက်အရာရာကို ရှုံ့ချကန့်ကွက်စေကြောင်း သိရှိရပါသည်။

၄။ ထို့အပြင် နအဖစစ်အုပ်စုသည် ရှမ်းပြည်သူလူထုများနှင့်အခြားတိုင်းရင်းသားများအပေါ် မတရားသော ဖိနှိပ်ညှဥ်းဆဲမှုနည်းကို စွဲကိုင်ပြီး ယနေ့တိုင် သူတို့၏မိုက်ရိုင်းသောလုပ်ရပ်မှာ

(က) ကျွန်ုပ်တို့ ရှမ်းခေါင်းဆောင်များ၏ ရှမ်းပြည်အစိုးရနှင့်လွတ်လပ်သောရှမ်းပြည်ကြေငြာချက်ကို မထောက်ခံရန် ရှမ်းပြည်သူလူထုနှင့် သံဃာတော်များ လိုက်လံ ခြိမ်းခြောက်ပိတ်ပင်ခြင်း ။

(ခ) ကျွန်ုပ်တို့ ရှမ်းခေါင်းဆောင်များ၏ရှမ်းပြည်အစိုးရနှင့်လွတ်လပ်သောရှမ်းပြည်ကြေငြာချက်ကိုထောက်ခံသည့် ရှမ်းပြည်သူလူထုနှင့် သံဃာတော်များကိုလိုက်လံဖမ်းဆီးချုပ်နှောင်ခြင်း ။

(ဂ) နအဖစစ်အုပ်စု၏မိုက်မဲမှားယွင်းသောလုပ်ရပ်ကို ပြည်သူလူထုများမဖေါ်ထုတ်ရန် ခြိမ်းခြောက်ပိတ်ပင်ခြင်း ။

(ဃ) နအဖစစ်အုပ်စုသည် မတရားသောဖိနှိပ်ထိုးနှက်စွပ်စွဲမှုကို ခံရယုံတင်မက အပြစ်ပုံချမှုကိုလည်း လက်ခံစေခိုင်းပြန်သည်။

၅။ ရာဇဝင်ခေတ်အဆက်ဆက်မှပြန်ကြည့်လျှင် နအဖစစ်အုပ်စု၏ မိုက်မဲမှားယွင်းသောလုပ်ရပ်သည် တိုင်းရင်းသားများနှင့် အခြားလူတကာအမြင်ရှေ့မှောက်မှာတွေ့မြင်နေရသည်မဟုတ်လော။ အဘယ်ကြောင့် နအဖစစ်အုပ်စု၏မိုက်မဲမှားယွင်းမှုကြောင့် ကျွန်ုပ်တို့ရှမ်းခေါင်းဆောင်များနှင့်ပြည်သူလူထုအများအပြားကို ဖမ်းဆီးဖိနှိပ်ချုပ်နှောင်ခြင်းနှင့် သတ်ဖြတ်မှုအမျိုးမျိုးများ ခံရသည်မှာ အံ့သြတုန်လှုပ်ဖွယ်ရာဖြစ်မနေပါလော ။ ထို့ကြောင့် ကျွန်ုပ်တို့ရှမ်းခေါင်းဆောင်များ၏ရှမ်းပြည်အစိုးရနှင့် လွတ်လပ်သောရှမ်းပြည် ကြေငြာချက်ကြောင့် ယခုအခါမှာ ဗမာလူမျိုးနွယ်များ တအံ့တသြဖြစ်ကာ ထိပ်လှန့်တုန်လှုပ်နေကြသည်ဟု ကြားသိရပါသည်။

ရှမ်းပြည်သူလူထု ကိုယ်စားလှယ်

၁၀ ၊ ၀၅ ၊ ၀၅